


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# စင်္ကြံန်လျှောက်ရှုပွားနည်း

ကာယာနုပဿနာ

၁၇၁

ဟောကြားသည့်နေ့
၁၀-၁၂-၅၈

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏
# အမှာစာ

မိုးကုတ်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်က၊ တရားစခန်းဝင် ယောဂီများ အခြေအနေကို သိလိုသဖြင့် ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဒကာရင်းများဖြစ်ကြသော အသက် (၈၀) ကျော်ပြီဖြစ်သည့်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးမြင့်၊ ဒုတိယဥက္ကဋ္ဌကြီး ဦးအောင်ချီတို့အား မေးမြန်းကြည့်မိပါသည်။

## အချိန်ရသ၍ တရားထိုင်ကြသည်

မိုးကုတ်မြို့၌ သီးခြားစခန်းပွဲ မရှိပါ။ နေ့စဉ် ယောဂီများသည် နံနက် ၉-နာရီ သီလခံယူပြီးသည်နှင့် ကိုယ့်ဟာကိုယ်ဆိတ်ငြိမ်သောနေရာများ၌ တရားထိုင်ကြပါသည်။ ကိုယ်နှင့်သင့်မည့်နေရာ၌ ကိုယ်ထိုင်နိုင်သ၍ ထိုင်ကြပါသည်။ သဒ္ဓါတရား ထက်သန်ကြပြီး ယုံယုံကြည်ကြည်နှင့် အထူးကြိုးစားကြသည်။ တချို့ယောဂီများမှာ နံနက်မှသည် ညနေ ဆရာတော်ဘုရား တရားဟောကြားသည်အထိ၊ တရားထိုင်နေသည်ကိုတွေ့ရသည်။ အချိန်အကန့်အသတ်မထားပါ။ အရုဏ်တက်ချိန်

တရားထိုင်ကြသည်။ တစ်ရေးနိုးချိန် တရားထိုင်ကြသည်။ တရားထိုင်ကြသော ယောဂီများအတွက် နေ့စဉ် ဆွမ်းအလှူရှင်များ ရှိသည်ဟု ပြောကြားကြပါသည်။

ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းလေးမျိုးတွင် ဘယ်ကမ္မဋ္ဌာန်းကို ဦးစားပေးပြီး ထိုင်ခိုင်းပါသလဲဟု မေးမိပြန်ရာ ဆရာတော်ဘုရား၏ တရားတော်တွင် အမျိုးမျိုးဟောထားပြီးဖြစ်၍၊ ကိုယ်နှင့် တော်တဲ့တရား ကြည့်ပြီး ထိုင်ကြသည်။ ဆရာတော်ဘုရား တရားဟောပြီးလျှင် ဝတ်ဖြည့်ကြပါသည်။ ထိုအချိန်တွင် တရားထူး၊ အကျိုးထူးများ ရသူများသည် ဆရာတော်ထံလာ၍ လျှောက်ကြသည်။ ထို့ကြောင့်လည်း တပည့်တွေက တရားထူးရရန် အထူးကြိုးစား အားထုတ်ကြသည်။ တိတ်ဆိတ်တဲ့နေရာတွေသွားပြီး အချိန်ပြည့် အားထုတ်ကြသည်။ အကျိုးလည်းရှိကြသည်ဟု ဖြေကြားကြပါသည်။

## စင်္ကြံကမ္မဋ္ဌာန်း

စင်္ကြံကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ မေးမြန်းမိပြန်ရာ ဉက္ကဋ္ဌကြီး ဦးမြင့်က မိုးကုတ်မြို့က သိပ်ပြီးအေးသည်။ ဆီးနှင်းတွေကလည်း ကျသည်။ အပြင်ထွက်လမ်းလျှောက်၍ မဖြစ်နိုင်ပါ။ ကျောင်းထဲမှာပင် အနွေးထည်နှင့် ထိုင်ရကြောင်း ပြောပါ

သည်။ သို့ရာတွင် မိုးကုတ်ဆရာတော်ဘုရားကြီးသည်၊ အေးတဲ့ အချိန်များမှာပင် သင်္ကန်းလပ်စောင်ကို ခေါင်းပေါ်ခြုံ၍၊ တစ်နာရီ ကျော်ကျော် ကျောင်းကိုပတ်ပြီး နံနက်ခင်း စင်္ကြံလျှောက် ပါသည်။ ညနေပိုင်းမှာ တောလမ်းတွေထဲ စင်္ကြံလျှောက်သော အခါ တစ်ပါးတည်းရှေ့က လျှောက်ပါသည်။ မည်သူ့ကိုမှ စကားမပြောပါ။ တရားမှတ်၍သာ လျှောက်နေကြောင်းနှင့် ဒကာကြီးများ နောက်ကအမြဲလိုက်၍ စောင့်ရှောက်ရကြောင်း ပြောပြပါသည်။

ဆရာတော်ဘုရား၏ ကျောင်းပေါ်တွင် ရိုးကုမ္ပဏီက ဝယ်ထားသော ကောဇောကြီးကို အရှည်ပေ (၃၀) ခန့် ခင်းပေး ထားသဖြင့်၊ မိုးကုတ်ဆရာတော်ဘုရားကြီးသည် နံနက်၌လည်း စင်္ကြံလျှောက်ပါသည်။ ညနေ၌လည်း စင်္ကြံလျှောက်ပါသည်။ ညတစ်ရေးနိုးလျှင်ပင် စင်္ကြံလျှောက်သည်ဟု ဦးကြီးမူက ပြောကြောင်း ပြောပြပါသည်။

## ပုတီးစိပ်တာမဟုတ်ဘူး

ဆရာတော်ဘုရားလမ်းလျှောက်သောအခါ တစ်ခါတရံ ပုတီးဆောင်ထားသဖြင့် အမေဖုံကမေးမြန်းခဲ့ဖူးပါသည်။ "အရှင် ဘုရားက ပုတီးအမြဲစိပ်သလားဘုရား၊ ဘာများစိပ်ပါသလဲ ဘုရား" ဟု မေးမြန်းခဲ့ပါသည်။

ဆရာတော်ဘုရားကြီးက "ပုတီးစိပ်တာမဟုတ်ဖူး မဖုံတို့အနေနဲ့ အလေ့အကျင့်မရှိဘူး၊ ဒါက ဝိပဿနာအလုပ် လုပ်နေတာ၊ ပုတီးနဲ့အလုပ်လုပ်တာ" ဟု မိန့်ကြားကြောင်း ဦးမြင့် က ပြောပြပါသည်။

## စကြ်ကိုမတိုက်တွန်းပါ

ဆရာတော်ဘုရားအနေကတော့ လမ်းလျှောက်ခြင်းကို အလေးပေးသည်။ တရားအလုပ်လုပ်လို၍လည်းဖြစ်သည်။ ကျန်းမာရေးအတွက်ကြောင့်လည်း ဖြစ်သည်။ သို့သော် စင်္ကြံ လျှောက်ပြီးအားထုတ်ရန်ကိုမူ တပည့်များအား မတိုက်တွန်းပါ။ ဆရာတော်ဘုရားသည် စိတ္တာနုပဿနာနှင့် ဝေဒနာနုပဿနာကို ပို၍ ဟောကြားတော်မူသည်။

တဏှာလောဘများတဲ့ပုဂ္ဂိုလ် ဝေဒနာနုပဿနာရှု၊ ဒိဋ္ဌိ များတဲ့ပုဂ္ဂိုလ် စိတ္တာနုပဿနာရှုရန် မကြာခဏ ဟောကြား တော်မူထားပါသည်။ ထိုင်၍တရားအားထုတ်ခြင်းသည် အပြင် အာရုံတွေနည်းသဖြင့် ပို၍ အားပေးတော်မူသည်ကို တွေ့ရပါ သည်။

## စင်္ကြံအားထုတ်ရင်လွယ်ပါတယ်

တစ်ခါက ဆရာတော်ဘုရားက ဦးမြင့်ကို အမိန့်ရှိ

သည်မှာ မင်းတို့ စကြိန်လျှောက်တဲ့အနေနဲ့ အားထုတ်ရင် လွယ်ပါတယ်။ မင်းတို့အကျင့်မရှိသေးလို့ပါ။ ငါတော့ စကြိန်လျှောက်ပြီး အားထုတ်တယ်။

မောင်မြင့်၊ မင်းလမ်းလျှောက်ရင်း တရားနှလုံးသွင်းနေရမယ်။ သတိနဲ့ ဝီရိယအမြဲထား၊ မလွတ်စေနဲ့ စကြိန်လျှောက်ရင်း လမ်းလျှောက်ရင်းမှတ်သွား၊ ဝိညာဏ်ကလေး ဖြစ်ပျက်ရှုနေ၊ နားက အသံကြားရင်သိလိုက်၊ သိတာကို ဖြစ်ပျက်ရှုနေရင်၊ ဖြစ်ပျက်အစဉ်မပျက်တဲ့အတွက် ကမ္မဋ္ဌာန်းမပျက်ဘူး ဆက်ရက်ရှုနေတဲ့သဘောဖြစ်တယ်။

## ဘာစိတ်ပေါ်ပေါ် အဆက်မပြတ်သိနေပါ

စကြိန်လျှောက်ရင်းဘာစိတ်ပေါ်ပေါ်၊ စိတ်ကို အဆက်မပြတ်သိနေသ၍ ကာလပတ်လုံး ကမ္မဋ္ဌာန်းမပျက်ဘူး၊ ချမ်းလို့ဖြစ်စေ၊ တခြားနှလုံးသွင်းလို့ဖြစ်စေ၊ သိနေသ၍ မပျက်ဘူး၊ နဂိုရှုနေတဲ့ကမ္မဋ္ဌာန်းနဲ့ ဆက်ရက်ပဲ။

ကိုက်တာ၊ နာတာ၊ မြင်တာ၊ အားလုံးကိုသာ ဖြစ်ပျက်မပြတ်အောင်ရှုနေရင် ကမ္မဋ္ဌာန်းမပျက်ဘူး၊ သတိက အားကြီးလိုတယ်။ သတိကတော့ နံပါတ်တစ်ပဲ။

## ပျက်သွားတာသိရင်တရားပဲ

စကြ်န်လျှောက်တယ်ဆိုရင် ထိတဲ့အခါသိပြီး၊ ပျက်သွားတာ သိအောင်ရှုပါ။ ထိုင်ပြီးအားထုတ်တဲ့အနေကတော့ အပြင်အာရုံတွေ နည်းတာပေါ့။ ဒါကြောင့် ထိုင်ပြီးအားထုတ်တာကို အားပေးတာ။

မင်းတို့ သတိရှိရင် စိတ်နဲ့ဘယ်လိုမှ မလွတ်နိုင်ဘူး၊ မြင်တာကို ပျက်တာသိရင် တရားပဲ၊ ထိပြီးပျက်သွားတာ သိရင်တရားပဲ၊ မြင်လို့သိသိ၊ ကြားလို့သိသိ၊ ထိလို့သိသိ၊ ပျက်သွားတာသိရင် တရားပဲလို့ ဆရာတော်ဘုရားက ဟောကြားတော်မူကြောင်း ပြောပါသည်။

## ဘောပတန်းရွာ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဘောပတန်းရွာသို့ ဦးမြင့်တို့ စစ်ပြေးခဲ့ရပါသည်။ မိုးကုတ်ဆရာတော်ဘုရားသည် ထိုနေရာသို့ကြွလာပြီး ဒီနေရာက တောင်ပေါ်ထက် တိတ်ဆိတ်တယ်။ အေးချမ်းတယ်လို့ အမိန့်ရှိသဖြင့်၊ အမေဖုံက အရှင်ဘုရား နေခင်းနေ့လည် တရားအားထုတ်နိုင်ဖို့ လှူလို့ရလားဘုရားဟု လျှောက်ထားရာ ဆရာတော်က လက်ခံသဖြင့် သူကြီးပောင်း ဦးရွှင်၏ အကူအညီယူ၍ လှူဖြစ်သွားပါသည်။

ဦးမြင့်တို့ တဲတန်းလျားနှင့် ပေ (၁၅၀) ခန့်အကွာ

ကုန်းမြင့်တွင် ဝါးတောနှင့် တောင်ကြာပင်တောကြီး ရှိသည်။ လူသွားလူလာ မရှိသဖြင့် ငြိမ်သက်အေးချမ်းသည်။ ထိုနေရာကို ဦးရွှင်ကိုယ်တိုင် ရွာသားများကို ခေါ်လာပြီး ရှင်းလင်းသည်။

တောင်ကုန်းပေါ် အထိ စင်္ကြံလမ်းဖောက်လုပ်ထားပြီး ကုန်းမြင့်ပေါ်တွင် အကျယ် (၈) ပေ ပတ်လည်ခန့် အောက်ခြေကို ရှင်းထားသည်။ ဘေးပတ်လည်ရှိ တောင်ကြာပင်များကို အပေါ်ကစုပြီးစည်းထားသည်။ တောင်ကြာကိုင်းများကိုလည်း အပေါ်က အုပ်ထားသဖြင့် နေရိပ်မထိုးတော့ပါ။

## တောင်ကြာပန်းရုံ

အနီးအနားရှိ ဝါးပင်များကိုပါ အပေါ်က စု၍ စည်းပြီး အုပ်ထားပြန်သဖြင့် ဝါးရုံတော၊ တောင်ကြာပန်းရုံ ဂူဖြစ်နေပါသည်။ ဘေးပတ်လည်တွင် တောင်ကြာပင်နှင့် ကျောက်တောင်ကိုသာ မြင်ရပြီး ဝင်ပေါက်တစ်ပေါက်သာ ရှိပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဆွမ်းစားပြီးလျှင် ကြွလာပြီး ညနေ (၄) နာရီခွဲခန့်အထိ နေသည်။ ကြိုးစားပြီး ကျင့်သည်။

အောက်အခင်းမှာ ဝါးဖြင့် ကွပ်ပျစ်ပြုလုပ်ထား၍ ကျန်းမာရေးညီညွတ်သည်။ ထိုကွပ်ပျစ်အပေါ်မှာ သင်ဖြူးခင်း၍ ခေါင်းအုံးပါလှူထားပါသည်။ သောက်ရေ၊ သုံးရေအတွက် သဘာဝစမ်းရေကိုပင် ဆရာတော်ဘုရားအနီးရောက်အောင်

သွယ်ပေးထားပါသေးသည်။ နေ့လည်နေ့ခင်း မည်သူမှ ဆရာတော်ထံ မသွားကြရပါ။ ညနေပြန်ခါနီးမှ ထမ်းလျက်ကပ်ကြပါသည်။

## လောကီအကျိုးထူး

ထိုနေရာသည် ဆရာတော်ဘုရားအတွက် အကျိုးထူးဖြစ်စေသကဲ့သို့ ကိုယ်တိုင်လုပ်အားဖြင့် လှူခဲ့သော အလှူရှင်မှာလည်း ယခုဘဝတွင်ပင် ပထမဇောအကျိုးခံစားခဲ့ရသည်။ အလွန်အဖိုးတန်သော ကျောက်နီကြီးတစ်ပွင့်ရခဲ့သည်။ လောကတွင် မမြင်ဖူးသေးသော ကျောက်မျိုးဖြစ်သဖြင့် အကြီးအကျယ်အကျိုးရှိသွားပါတော့သည်။

## လောကုတ္တရာအကျိုးထူး

ထို့အတူပင် ဆရာတော်ဘုရား၏ ဒကာမများ တကယ်အလုပ်လုပ်ကြသဖြင့် အကျိုးရှိသွားပုံကိုလည်း ကြားသိရပါသေးသည်။

ဆရာတော်ဘုရားကြီးရှိစဉ်က မိုးကုတ်မြို့ မြို့မရပ်တွင်နေသော အသက် (၇၀) ကျော် ဒေါ်တင့်သည်၊ သတိလစ်နေသည်မှာ (၄) ရက်ခန့်ရှိသွားသဖြင့် သားသမီးများကမီးသဂြိုလ်ဖို့ကိစ္စကိုပင် ပြင်ဆင်နေကြရာမှ မမျှော်လင့်ပဲ သတိပြန်ရခဲ့ပါသည်။

သတိရ၍ ချက်ချင်းဆိုသလိုပင် အမေဖုံကို လာခေါ်သဖြင့် လိုက်သွားကြရာ၊ ကြည်ကြည်လင်လင်မျက်နှာနှင့် ဒေါ်တင့်ကို တွေ့ရပါသည်။ "ညည်းကို စကားပြောချင်လို့ ဆရာတော်၏ တရားတွေဟာ သိပ်မှန်တယ်၊ ငါမေ့မြောသွားတော့ အရင်ဘဝတုန်းက အကြောင်းတွေကို သတိရလာတယ်၊ ငါအရင်ဘဝတွေတုန်းက ပုပ္ပါးက ရွာလေးတစ်ရွာမှာ လူဖြစ်ခဲ့တယ်" ဟု ပြောလာပါသည်။

## စေတနာမပါပေမယ့် ကံမြောက်သည်

ဆက်၍ ပြောကြားသည်မှာ "အဲဒီတုန်းက ငါ့မှာ ဆင်းဆင်းရဲရဲနဲ့နေရပြီး နွားနို့ညှစ်နေတုန်း နွားကလေးက နွားမကြီးနားကပ်လာလို့ နွားကလေးကို ဖယ်လိုက်တာ၊ နွားကလေး လက်ကပ်သွားတယ်၊ အဲဒါ စေတနာမပါပေမယ်လို့ ကံမြောက်သွားလို့ လူ့ဘဝမှာ ငါဝဋ်ခံရတယ်။

ငါငယ်ငယ်တုန်းကလည်း အမေက နို့မထွက်လို့ နို့မဝခဲ့ဘူး၊ ကြီးလာတော့လည်း အသက် (၃၀) ကစပြီး ငါ့မှာ လက်ကပ်သွားလို့ ဒုက္ခအတော်ရောက်ရတယ်၊ ငါလည်း ဒီဝဋ်ဒုက္ခတွေက ကျွတ်ချင်လို့ ဆရာတော်ရဲ့ တရားတော်ကို မနေမနား အားထုတ်ခဲ့တာပဲ။ အားထုတ်သလောက်လည်း

အကျိုးရှိခဲ့တယ်။ ငါစိတ်တိုင်းကျသွားပြီ၊ သေရမှာလည်း ငါမကြောက်တော့ဘူး။

## သေရမှာမကြောက်တော့ဘူး

မဖုံ၊ ညည်းကို ငါရဲ့ ကိုယ်တွေ့တွေ ပြန်ပြောချင်လို့ အခေါ်ခိုင်းတာ၊ ဆရာတော်ဘုရားရဲ့ တရားတော်တွေကို နာဖြစ်အောင် နာပါ။ ယုံယုံကြည်ကြည်နဲ့ ကြိုးစားပြီးတော့ အားထုတ်ပါ။ တရားတော်တွေက သိပ်မှန်တယ်။ သိပ်ပြီး အကျိုးရှိတယ်။ ဒါကို ပြန်ပြောချင်လို့ ငါတော့ သေရမှာကို မကြောက်တော့ဘူးဆိုပြီး နောက် (၂) ရက်လောက်ကြာတော့ အနိစ္စရောက်သွားကြောင်း အမေဖုံ၏သား ဥက္ကဋ္ဌကြီးဦးမြင့်က ပြောပြပါသည်။

(၁၉-၁၀-၆၁) ရက်နေ့က မိုးကုတ်ဆရာတော်ဘုရားက ဟောကြားတော်မူခဲ့ပါသေးသည်။ ဒီလိုသာ ဣန္ဒြေထိုက်အောင်၊ ဗိုလ်ထိုက်အောင် အားထုတ်ရင် အကုန်ရတယ်။ ဘုရားရှိရှိ မရှိရှိရတယ်။ ဘုရားရှိလည်း ဒီကိလေသာသတ်တာပဲ။ ဘုရား မရှိတော့ကော ကိလေသာသတ်တဲ့အလုပ် လုပ်တာပဲ။

## ကျွတ်လိုက်တာတွေ မနည်းပါဘူး

ဘုရားမရှိသော်လည်း ဒီကိလေသာ ပဋိစ္စသမုပ္ပာဒ်

ပြတ်အောင်လုပ်ဖို့ပဲ။ ဘုရားရှိလည်း ဒီကိလေသာ ပဋိစ္စသမုပ္ပာဒ် ပြတ်အောင်လုပ်ဖို့ပဲ။

ဒါကြောင့် ဘုရားရှိတုန်း ကျွတ်တာနဲ့ ဘုရားမရှိမှ ကျွတ်တာနဲ့ ဒါပဲကွာတယ်။ ဘုရားမရှိတဲ့နောက် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) မှာ ကျွတ်လိုက်တာတွေ မနည်းပါဘူး။

## စပါးလှန်းလို့တောင်မရဘူး

ရှေးခေတ်က ကျွတ်လိုက်တာတွေ စပါးလှန်းလို့တောင် မရအောင် ကောင်းကင်မှာ ရဟန္တာတွေ. . . ဒါတွေ ဘယ့်နှယ်ကြောင့် ကျွတ်ပါလိမ့်မလဲဆိုတော့ ဘုရားမရှိဘဲနဲ့ ကျွတ်တာဟာ ကြွန္တြေရင့်လို့ကျွတ်တာ။

ကြွန္တြေရင့်တယ်ဆိုတာ သူများက လုပ်ပေးတာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ဝီရိယကို တိုးတိုး တိုးတိုးပြီးသွားရတာ၊ အလုပ်ခွင်ခရီးပေါက်ဖို့ရာက ကိုယ့်တာဝန်လို့ ဟောကြားတော်မူထားပါသည်။

(၂၄-၁၂-၅၇) နေ့တွင်လည်း မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူထားခဲ့သည်မှာ "ဖြစ်ပျက်တွေကို နိဗ္ဗိန္ဒဉာဏ်ရအောင် မုန်းအောင်ရှုပါ ကုသိုလ်လည်းရှု အိပ်ချင်တဲ့စိတ်လည်း ရှု ပေါ်တဲ့စိတ်တွေ အကုန်သာရှုချ၊ မုန်းအောင်ရှု။"

## လွယ်တယ်များ အောက်မေ့မနေနဲ့

မုန်းအောင်ရှုတဲ့အခါကျတော့ ဖြစ်ပျက်မြင်တာ မဟုတ်တော့ဘူး။ မုန်းလာလို့ရှိရင် မဂ္ဂင်ငါးပါးမရဘူးလား (ရပါတယ်ဘုရား)။

သို့သော် မဂ္ဂင်ဖောင်ရှစ်လုံးစုံပြီလား၊ မစုံသေးရင် စုံအောင် လုပ်ပါဦး။ တော်တော်နဲ့ စုံနိုင်ပါ့မလား . . . (မစုံနိုင်ပါဘုရား) တရားဟောနေသလောက် လွယ်တာ မဟုတ်ဘူးဗျ၊ တကယ်လုပ်တော့ မဂ္ဂင်ရှစ်ပါးစုံဖို့ အားလုံး ဒကာ ဒကာမတွေ လွယ်တယ်များ အောက်မေ့မနေနဲ့နော်။

ဖြစ်ပျက်ကနေပြီး ဖြစ်ပျက်မုန်းဖို့ကို အတော်တက်ယူရတယ်။ မုန်းပြီးသကာလ ဒီဖြစ်ပျက်တွေကို မုန်းအောင် ရှုလို့ ဆရာဘုန်းကြီးက မသင်ဘူးလား (သင်ပါတယ်) သင်ပေမယ်လို့ အလိုလိုဆုံးလိမ့်မယ်များ ထင်သလား . . . အလိုလို ဆုံးတာ မဟုတ်ဘူးတဲ့။

## အဓိပိုလာတယ်

မဂ္ဂသစ္စာထိုက်လာတော့ သာမညမဟုတ်တော့ဘူး၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတဲ့ အဓိပိုလာတယ်။ မဂ်ဆိုက်ရင် အဓိတိုးလာတယ်လို့ မှတ်ရမယ်။

အဓိဆိုတာ နားမလည်ပဲ နေမှာစိုးရတယ်။ "အဓိဆိုတာ

လွန်သောသီလ၊ လွန်သော သမာဓိ၊ လွန်သောပညာ၊ ဘယ်သူ ဖျက်လို့မှမရ" လို့ ဟောကြားတော်မူထားပါသည်။

သို့ဖြစ်၍ မိုးကုတ်ဝိပဿနာယောဂီများသည် တစ်နာရီ ကြာ၍ ခေတ္တစခန်းနားချိန်တွင် တတ်နိုင်သမျှ ဆက်၍ ထိုင်ကြ ပါ။ ဆက်၍ အားထုတ်ကြပါ။ အခန်းသို့ ပြန်သောအချိန်၊ ဓမ္မာရုံတွင်းသို့လာသောအချိန်တို့၌ သတိပဋ္ဌာန်နှင့် လာကြပါ။ ပြန်ကြပါ။ ထိုင်ချိန်များ၌ လမ်းလျှောက်ချင်လျှင် စင်္ကြံန်လျှောက် ချင်ရင် ရှုပွား၍ သွားပါ။ သတိပဋ္ဌာန် လက် မလွှတ်ကြပါနှင့်။

အဓိဆိုသဖြင့် သာမည ရိုးရိုးမဟုတ်တော့ပါ။ အထူး ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။

## အချိန်တွေ မဖြုန်းကြပါနှင့်

ထို့ကြောင့် တရားအားထုတ်၍ နေကြကုန်သော သူတော်စင်အပေါင်းတို့ ဘုရားအပေါ်၌ ယုံကြည်မှု ပြင်းထန်ပါ။ တရားတော်အပေါ်၌ ယုံကြည်ပါ။ ကြိုးစားအားထုတ်ပါ။ မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်၌ ယုံကြည်စိတ်ချပါ။ ဆရာတော်ဘုရားဟောကြားဆုံးမတော်မူသည့်အတိုင်း လိုက်နာ အားထုတ်ကြပါ။ ပွားများကြပါ။ ကြိမ်ဖန်များစွာ ပွားများကြပါ။ ကိုယ့်ကိစ္စမပြီးမချင်း ပွားများ အားထုတ်ကြပါ။

အသေမဦးခင် ရသမျှအချိန်ကို တရားနှလုံးသွင်း၍ သာ

နေကြပါ။ ထိုင်၍ အားထုတ်ကြပါ။ ထ၍ အားထုတ်ကြပါ။
လမ်းလျှောက်၍ အားထုတ်ကြပါ။ အိပ်၍ အားထုတ်ကြပါ။
တရားအားထုတ်သူအား တရားကဆောင်မည်သာဖြစ်ပါသည်။
သူတော်ကောင်း ရတနာ (၇) ပါးပြည့်စုံကြပါစေ။

၁-၁၀-၂၀၀၀။ အလုပ်အမှုဆောင်အဖွဲ့။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# စကြဲန်လျှောက်ရှုပွားနည်း
# (ကာယာနုပဿနာ)

ဟောကြားသည့်နေ့ (၁၀. ၁၂. ၅၈)

အစချီလိုက်တာကတော့ဖြင့် ဒုက္ခသစ္စာချီလိုက်တာပါပဲ၊ သို့သော် ဒီဒုက္ခကို ဘယ်ကနေ သိမ်းရမယ်ဆိုတာကို နိဂုံးချုပ်လိုက်တော့ ရုပ်နာမ်ရောက်လာတယ်။

ရုပ်နာမ်ဆုံးမှ ဒုက္ခဆုံးမယ်၊ ရုပ်နာမ်ဘာသစ္စာ (ဒုက္ခသစ္စာ)။

## ရုပ်နာမ်ဆုံးရင်နိဗ္ဗာန်

အဲသူညာဏ်ထဲမှာ ဆုံးသွားလို့ရှိရင် ကျုပ်တို့ဘယ်များ ရောက်သွားမလဲ (နိဗ္ဗာန်ရောက်ပါတယ်) အဲသူဆုံးအောင် လုပ်ရမယ်၊ ရှင်းပလား . . . (ရှင်းပါပြီ) ဘာလုပ်ကြရမယ် (သူဆုံးအောင်လုပ်ရမယ်) ရုပ်နာမ်၊ ဆုံးအောင်လုပ်ရမယ်၊ ဒါဖြင့် ရုပ်ဆုံးရင် . . . (နိဗ္ဗာန်ပါ) နိဗ္ဗာန်၊ နာမ်ဆုံးရင် . . (နိဗ္ဗာန်ပါ)။

အဲဒီတော့ ရုပ်ဆုံးရင်၊ နာမ်ပါရောဆုံးတယ်၊ နာမ်ဆုံးတော့ ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)။

## နိဗ္ဗာန်ဘယ်မှာရှိသလဲ

အေး ဒါကြောင့် နိဗ္ဗာန်တစ်လံမျှလောက်သော ရုပ်နာမ် အဆုံးမှာ ရှိတယ်၊ နိဗ္ဗာန်ဘယ်မှာရှိပါလိမ့် . . . (တစ်လံမျှ လောက်သော ရုပ်နာမ်အဆုံးမှာပါ)။

တစ်လံမျှလောက်သော ရုပ်နာမ်အဆုံးမှာ ရှိတယ်၊ ကိုယ့်အလံနှင့် ကိုယ်လံရင် တစ်လံပဲရှိတယ်၊ အဲဒီအဆုံးမှာ နိဗ္ဗာန်ရှိတယ်ကွ၊ သဘောပါပလား . . . (ပါပါပြီ)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ ရုပ်နာမ်တစ်ခုခုဆုံးအောင် လုပ်ကြပါစို့လို့ ပြောရတော့မှာပဲ။ ဒကာ ဒကာမတို့ ရုပ်နာမ် တစ်ခုခုဆုံးအောင် လိုက်ကြပါစို့။

ဒီအစိပ္ပါယ်များသိရတာ ဒကာ ဒကာမတို့ အလွန်ဘုန ရှင်၊ ကံရှင်၊ ပါရမီရှင်တွေမို့ ကြားရတာနော်။ နို့မို့ကြားရဖို့ အတော် ခဲယဉ်းပါတယ်။ အင်မတန် ခဲယဉ်းပါတယ်၊ အင်မတန်ခဲယဉ်းပါ တယ်။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ အဆုံးလိုက်ကြပါစို့ ဆိုတော့ ရုပ်တစ်ခုကို ဥပမာမယ်၊ ရုပ်ကိုပဲ ဒကာ ဒကာမတွေ လိုက်ချင်လို့ရှိရင်လည်း ရတာပဲ။ နာမ်ကိုဟောချင်လည်း ရတာပဲ ကြိုက်တာသာ ရှုကြနော်။

## ကိုယ်နဲ့သင့်မှာသာရှု

ရုပ်ရှုချင်တဲ့ ပုဂ္ဂိုလ်ရုပ်ရှု၊ နာမ်ရှုချင်တဲ့ပုဂ္ဂိုလ် . . . (နာမ် ရှုပါ)၊ သို့သော် ဘုန်းကြီးကတော့ဖြင့် ဆေးသမားသဖွယ်ပဲ အကုန်ပေးမှာပဲ၊ ခင်ဗျားတို့ကြိုက်တဲ့၊ ကိုယ်နဲ့သင့်မှာသာစားပါ၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဝေဒနာချင်းကမတူကြဘူး၊ တချို့ကရုပ်မှဖြစ်ပျက်ရှင်း တယ်၊ တချို့က နာမ်မှဖြစ်ပျက်ရှင်းတယ်၊ ဒီလိုမရှိပေဘူးလား (ရှိပါတယ်) တချို့လည်း ပေါ်တာလေးတွေ လိုက်လို့ရှင်းပါတယ်၊ အဲဒီတော့ ဘုန်းကြီးကတော့ဖြင့် ဆေးသမားသဖွယ်ဖြစ်နေတော့ အားလုံး ဒကာ ဒကာမတွေကို အကုန်ပြတာပဲ။

ကြိုက်တာရှုကြ၊ ကြိုက်တာရှုပေါ့။

## ဝါယောဆိုတာလေဓါတ်

ကိုင်း ဒကာဒကာမတို့ ဝါယောဓာတ်ဆိုတာရှိတယ်၊ ဝါယောဓာတ်ဆိုကာ လေဓာတ်၊ လေဆိုတာ လှုပ်တာလည်း ရှိတယ်၊ ငြိမ်တာလည်းရှိတယ်။

ရပ်ပြီးနေတဲ့အချိန်၊ ရပ်ပြီးနေတဲ့အချိန်မှာ ဒကာ ဒကာမတို့ ဒါထောက်ကန်ထားတဲ့ ဝါယော။

## လှုပ်ရှားတဲ့ဝါယော

နည်းနည်းလေး လှုပ်လိုက်လို့ရှိရင်၊ လှုပ်ရှားတဲ့ ဝါယော၊ ရပ်နေတဲ့အခါ၊ တောင့်နေတဲ့အခါ (ထောက်ကန်ထားတဲ့ ဝါယော) လှုပ်လိုက်တဲ့အခါ (လှုပ်ရှားတဲ့ဝါယော)။

အဲ . . . လှုပ်တဲ့လေသည်၊ ဒကာ ဒကာမတို့ ထောက်ကန်တဲ့သဘောမရောက်နိုင်ဘူး (မှန်ပါ့) ထောက်ကန်တဲ့ လေသည် လှုပ်တဲ့ဆီ (မရောက်နိုင်ပါ) သဘောကျပလား . . . (ကျပါပြီ)။

## ဓာတ်ကြီးလေးပါး

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးသည်ကား လို့ဆိုလို့ရှိရင်ဖြင့် ပထဝီဓာတ်ကြီး၊ တေဇောဓာတ်ကြီး၊ အာပေါ ဓာတ်ကြီး၊ ဝါယောဓာတ်ကြီးလို့ သတိပဋ္ဌာန်ထဲမှာ လာပါတယ်။

အဲဒီတော့ ဒီဝါယောဓာတ်တစ်ခုကိုပဲ ဒီနေ့ဟောပါ့မယ်၊ ဝါယောဓာတ်ဖြစ်တယ်ဆိုတော့ သူနဲ့အတူ ဓာတ်သုံးပါးကလည်း ရောဖြစ်တယ်။ သူမှီနေတဲ့ ဥပါဒါန်ရုပ်တွေလည်း ရောဖြစ်တယ်။

ဒီတော့ အကုန်ပါသွားတာပဲ တစ်ခုဖြစ်ရင် အကုန်ပါတယ်၊ သဘောကျပါလား (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒီဝါယောဓာတ်ကလေးတစ်လုံးကို ခင်ဗျားတို့ လမ်းသွားရင်းလည်း ရှုတတ်အောင်၊ ရပ်နေရင်းလည်း ရှုတတ်အောင် သင်ပေးပါ့မယ်။

## ထောက်ကန်တဲ့ဝါယော

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ခြေထောက်ကလေး လှမ်းတဲ့ အခါကျလို့ရှိရင် ရှေ့လှမ်းတဲ့အခါမှာ အင်း. . . လှုပ်တဲ့ဝါယော ဖြစ်တယ်၊ ဖျတ်ဆို မြေကြီးပေါ် လည်းကျသွားရော (ထောက်ကန် တဲ့ဝါယောဖြစ်) ထောက်ကန်တဲ့ဝါယော။

ဪ၊ ဒါဖြင့် ဒီခြေထောက်ကလေးမှာပဲ၊ နဂိုတုန်းက လှုပ်တဲ့ဝါယောတွေရှိတယ်၊ ဖျတ်ဆိုပြီး . . . အောက်မြေကြီးနဲ့ လည်း ထိပါရော၊ လှုပ်တဲ့ဝါယောဓာတ် တစ်တို၊ တစ်ထောင့်မှ ရှာလို့မတွေ့ဘူး။

## လှုပ်တဲ့ဝါယောက ထောက်ကန်တဲ့ဝါယောပြောင်းတယ်

အင်း ထောက်ကန်တဲ့ဝါယောနဲ့ပဲ နေရတယ်၊ သဘောကျပလား . . . (ကျပါပြီ) အင်း . . . ဒါခြေထောက်ကလေးကပဲ ဒကာ ဒကာမတို့ ဒီဝါယောဓာတ်သည်ကားလို့ဆိုရင်ဖြင့်၊ ခဏကလေးပဲ နှစ်ခုပြောင်းသွားတယ်၊ လှုပ်တဲ့ဝါယောကနေ ထောက်ကန်သို့ မပြောင်းဘူးလား (ပြောင်းပါတယ်)။

ပြောင်းသွားပြီဆိုတော့ အရင်ဟာပျောက်ပြီ၊ နောက်ဟာ ပေါ်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီဝါယောဓာတ်သည်ကားလို့ဆိုရင်ဖြင့် ဖြစ်ပြီးပျက်တာပဲ (မှန်ပါ့) လှုပ်တဲ့ဝါယောဓာတ်သည် . . . (ဖြစ်ပြီးပျက်ပါတယ်) အခုဘာနဲ့ အသက်ရှင်နေတာလဲလို့ မေးတော့ (ထောက်ကန်တဲ့ဝါယောနဲ့ပါ) ထောက်ကန်ဝါယောနဲ့ ဒကာဒကာမတို့ ရပ်နေတော့တယ်၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

## လမ်းလျှောက်တယ်

အဲ. . . ဒီထောက်ကန်ဝါယောနဲ့နေတဲ့အချိန်၊ ဒကာဒကာမတွေက ဒီနေရာလေး ရပ်နေလို့မပြီးသေးဘူးဆိုပြီး သကာလ၊ မပြီးသေးတော့လျှောက်ဦးမှတော်မယ်။

လျှောက်ဦးမှတော်မယ်ဆိုတဲ့ စိတ်ကလေးပေါ်လာတယ်၊ အဲဒီစိတ်ကနေပြီး တစ်ခါတည်း ဝါယောဓာတ် လှုပ်လိုက်တာ၊ လှုပ်တဲ့ဝါယော ပြန်ဖြစ်တယ်၊ သဘောကျပလား (ကျပါပြီ)။

## လှုပ်ရှားအနိစ္စ

လှုပ်တဲ့ဝါယောက ခန္ဓာကိုယ်ထဲမှာပြန်ဖြစ်တယ်ဆိုတာ သဘောကျပလား (ကျပါပြီ) ဒါဖြင့် ခုနက ရပ်နေတုန်းက ဝါယောတွေဟာ ဒီအတွင်းမှာပဲ ပျောက်ထွက်တယ်၊ မပျောက်ဘူးလား . . . (ပျောက်ပါတယ်)။

## ထောက်ကန်အနိစ္စ

ဖြစ်ပြီးမပျက်လား . . . (ပျက်ပါတယ်) ဒါဖြင့် သူလည်း အနိစ္စ (မှန်ပါ့) ခုနဟာက လှုပ်ရှား အနိစ္စ၊ အခု ဒုတိယအပျက်ကျတော့ ထောက်ကန်အနိစ္စ၊ ဒီလိုမနေဘူးလား . . . နေပါတယ်။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝါယောဟာ တစ်ကိုယ်လုံးပဲ (မှန်ပါ့) လှုပ်တုန်းကလည်း တစ်ကိုယ်လုံး၊ ငြိမ်တော့ကော (တစ်ကိုယ်လုံးပါဘုရား)။

ပြန်လှုပ်ပြန်တော့ကော . . . (တစ်ကိုယ်လုံးပါ) ဩော် ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ဒီလိုသာ ယူကြပေတော့ (မှန်ပါ့)။

သံပုန်းကြီးရေအပြည့်ထည့်၊ သဘောကျပလား . . . (ကျပါပြီ) သံပုန်းကြီး ရေအပြည့်ထည့်ပြီး ကိုယ့်ဘက်စောင်းလိုက်၊ အပေါ်ရေတင်စောင်းသလား အောက်ရေပါစောင်းသလား. . . (အောက်ရေပါစောင်းပါတယ်ဘုရား)။

ပြန်တည့်လိုက်တော့ အပေါ်ရေတင်တည့်သလား၊ အောက်ရေပါတည့်သလား . . . (အောက်ရေပါတည့်ပါတယ် ဘုရား) အဲဒီအတိုင်း ယူရမယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## တစ်ကိုယ်လုံးဖြစ်လိုက်ပျောက်လိုက်

အဲဒီအတိုင်း ယူလိုက်တော့ ဩော်. . . တစ်ကိုယ်လုံး ပျက်ပါလား၊ ဖြစ်နေတာလည်း တစ်ကိုယ်လုံး လှုပ်ပြီး၊ တစ်ကိုယ် လုံး ပျောက်တာပဲ။

ထောက်ကန်တယ်ဆိုတော့လည်း တစ်ကိုယ်လုံး ထောက်ကန်ပြီးသကာလ၊ လှုပ်လာတယ်ဆိုတော့လည်း တစ်ကိုယ်လုံး ထောက်ကန်ပြီး တစ်ကိုယ်လုံး ပျောက်တာပဲ မပျောက်ဘူးလား ပျောက်သလား (ပျောက်ပါတယ်)။

လှုပ်ရှားကော . . . (ပျောက်ပါတယ်) အဲဒီကဲ့သို့ ပျောက်ကြတော့၊ ဒီပျောက်ပျက်တာလေးတွေ ကြည့်ပြီးနေတော့၊ သေပြန်ပြီ၊ သေပြန်ပြီ၊ သေပြန်ပြီ ချည့်လာမှာပဲ ဒီပြင်ဘာလာ စရာရှိသေးလဲ (ဘာမှမရှိပါဘူး)။

သေပြန်ပြီ၊ သေပြန်ပြီ၊ သေပြန်ပြီပဲ လာမှာပဲ၊ သဘော ကျကြပလား . . . (ကျပါပြီ)။

အင်း ဒါဖြင့် ဒကာဒကာမတို့ အထိမခံ၊ ကြွေပန်းကန် ဖြစ်နေတယ်၊ လှုပ်တာသည်၊ ထောက်ကန်တဲ့ဆီ မလိုက်ဘူး၊ ထောက်ကန်တာက (လှုပ်တဲ့ဆီ မလိုက်ဘူး)။

## လှုပ်ရှားလိုက်ထောက်ကန်လိုက်

လှုပ်တာသည် (ထောက်ကန်တဲ့ဆီမလိုက်ပါ) ထောက် ကန်တာသည် . . . (လှုပ်တဲ့ဆီ မလိုက်ပါ) အင်း ဒကာဒကာမ တို့မှာလည်း ခန္ဓာကိုယ်ကြီးကဖြင့် ဒီအတိုင်း နေတာပဲ (မှန်ပါ့) ပြောင်းလဲနေတာပဲ . . . (မှန်ပါ့)။

ထောက်ကန်လိုက်၊ လှုပ်ရှားလိုက်၊ လှုပ်ရှားလိုက်၊ ထောက်ကန်လိုက်၊ ထောက်ကန်လိုက် လှုပ်ရှားလိုက်၊ လှုပ်ရှားလိုက် ထောက်ကန်လိုက်၊ ဒကာဒကာမတို့ ဒီပြင် ဘာများ ရှိသေးသလဲ (မရှိပါဘုရား)။

အင်း . . . ဒါပဲ ပြောင်းလဲနေတာပဲ အင်း ဒါဖြင့် တစ်သေတည်း သေ၊ ဖြစ်ပျက်ချည်းရှိတာပေါ့ (မှန်ပါ့) ဝါယော ဖြစ်ပျက်၊ ဒီသဘောမနေဘူးလား (နေပါတယ်)။

## ဖြစ်ပျက်တွေဉာဏ်နဲ့မြင်အောင်ရှု

အဲဒီတော့ အဲဒီဖြစ်ပျက်တွေ မြင်အောင်ရှုနေပါ (မှန်ပါ့) ဉာဏ်နဲ့မြင်နေရင် ပြီးတာပဲ၊ ဩော် မရှိဘူး၊ ဩော် မရှိဘူး၊ သိရင်ပြီးတာပဲ။

အဲဒီဖြစ်ပျက်တွေကို မြင်ပါများလာရင် ဒကာ ဒကာမတို့ မုန်းလိမ့်ဦးမယ်၊ မမုန်းပေဘူးလား (မုန်းပါတယ်)။

ဘယ်သူ့မုန်းမှာတုံး . . . (ဖြစ်ပျက်မုန်းမှာပါ) ဖြစ်ပျက်မုန်းတာ၊ နဂိုက ငါထင်နေတာကြီး မုန်းပြမှာ (မှန်ပါ့)။

နဂိုက ငါ့မထိနဲ့ဆိုတော့ အမယ် . . . ဒါကြီးက ရွှေကိုယ်တော် ဖြစ်နေတာ၊ ငါ့မထိနဲ့ဆိုတော့ ရွှေကိုယ်တော် ဖြစ်နေတာ၊ အခုတော့ဖြင့် ရွှေကိုယ်တော် ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး)။

## အနိစ္စသက်သက်

ရွှေကိုယ်တော်မဟုတ်တော့ပါဘူး ဒကာကြွယ်တို့ရဲ့ ဩော် . . . အနိစ္စသက်သက် ဖြစ်သွားပြီ၊ သဘောကျပလား (ကျပါပြီ) အနိစ္စသက်သက်ပဲ။

အနိစ္စသက်သက်ဖြစ်သွားတော့ ဩော် . . . ဒီဘက် ရွှေ့လိုက်လည်း အနိစ္စသက်သက်၊ ဟိုဘက်ကပါလာတာလည်း (အနိစ္စသက်သက်ပါ)။

အနိစ္စသက်သက်ချည်းဖြစ်နေတဲ့အခါကျလို့ရှိရင်ဖြင့် ဒကာဒကာမတို့ အနိစ္စချည်းကြည့်ပါများရင်၊ အနိစ္စ မုန်းတဲ့ဉာဏ် လာရမယ်၊ မလာရဘူးလား . . . (လာရမယ် ဘုရား)။

## အနိစ္စမုန်းတဲ့ဉာဏ်

ဒါ စကားတစ်လုံးတည်းနော်၊ အနိစ္စချည်းကြည့်ပါများရင် နောက်ဘာဉာဏ်လိုက်လာမယ် . . . (အနိစ္စမုန်းတဲ့ဉာဏ်ပါ ဘုရား)အနိစ္စမုန်းတဲ့ဉာဏ်လိုက်လာလိမ့်မယ်၊ သဘောပါပလား . . . (ပါပါပြီ)။

အဲဒီတော့ ဒကာဒကာမတွေသည်ကားလို့ ဆိုရင် မျက်လုံးမှိတ် ကြည့်တဲ့အခါကျတော့ ဒွါရပေါက်လေးတွေက ဖျတ်ဖျတ်၊ ဖျတ်ဖျတ်နဲ့ ခဏခဏနေပြီး၊ အမြင်က အခုသာအစွဲ ပြတာကိုးဗျ။

ဩော် . . . ဒီအမြင်က အစိပ်တွေမြင်လာလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ) အဲဒီလိုနဲ့ အစိပ်တွေ မြင်လာလို့ ရှိရင်ဖြင့် မြင်ရာကနေမုန်း၊ မုန်းရာကနေပြီးသကာလ၊ ဩော် . . . ခဏခဏသေတဲ့၊ အသေကြီးဖြင့် သူနဲ့မနေရရင် ကောင်းမှာပဲ။ (မှန်ပါ့) ဒီရုပ်တွေ ခန္ဓာတွေနဲ့ မနေရရင်တော့ (ကောင်းမှာပါဘုရား)။

## မလိုချင်တဲ့ဉာဏ်ဟာ မဂ်ဉာဏ်

အဲဒီကောင်းမှာပဲဆိုတာ မလိုချင်တဲ့ဉာဏ်၊ မလိုချင်တဲ့ ဉာဏ်ဟာ မဂ်ဉာဏ်ပဲ (မှန်လှပါဘုရား)။

ဒီအမြင်ကြီးဟာ အသေဘက်တက်သွားတယ်ဆိုတာ ဒုက္ခပိုင်းခြားချလိုက်တာ၊ အသေသက်သက်ခံရပြီလို့ ပိုင်းခြား လိုက်တာ ဘာတုံး . . . (ဒုက္ခပိုင်းခြားလိုက်တာပါ)။

အပိုင်းအခြားခံလိုက်ရတာဒုက္ခသစ္စာ၊ ပိုင်းခြားလိုက်တာ . . . (ဒုက္ခသစ္စာ) အသေသက်သက်သာရှိတယ်လို့ ပိုင်းခြားခံရ တာကြီးဟာ ပျောက်သွားတယ်၊ သဘောကျပလား (ကျပါပြီ)။

## နိဗ္ဗာန်ကပေါ်လာတယ်

အပိုင်းအခြားမခံရတာက ပေါ်လာတယ်။ နိဗ္ဗာန်က ပေါ်လာတယ်။ အပိုင်းအခြားခံရတာက ဒုက္ခသစ္စာ၊ အေး . . . သူက ဘာသစ္စာလဲ။ ပျောက်သွားပြီ သူ့နေရာဘယ်သူ အစားထိုးလဲ . . . နိဗ္ဗာန်အစားထိုးလာတယ်။

နိဗ္ဗာန်အစားထိုးလာတယ်ဆိုတာကတော့ ဒုက္ခတွေ ပျောက်ပြီး၊ ဒုက္ခတွေမရှိတာသိလာတာပါ။

ဒါဖြင့် ဒုက္ခတွေမရှိတာက ဘာသစ္စာ . . . (နိရောဓ သစ္စာပါ) မြင်တာက (မဂ္ဂသစ္စာပါ) သဘောကျပလား . . . (ကျပါပြီ)။

စိတ်ကြောင့် ဝါယောဖြစ်တယ်၊ စိတ်ကအကြောင်း ဝါယောက အကျိုး၊ အဲဒီတော့ ဝါယောပျက်သွားတဲ့အခါ ကျတော့ ဝါယောကို မလိုချင်တော့ဘူးဆိုသဖြင့် အားထုတ်တဲ့ စိတ်ကလည်း မလိုချင်ရင် မလုပ်တော့ပါဘူး ဖြစ်သွားတယ် ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်က ဘာသစ္စာ၊ (ဒုက္ခသစ္စာ)မြင်တာက . . . (မဂ္ဂသစ္စာ) အဲ . . . ဖြစ်ပျက်အဆုံး က . . . (နိရောဓသစ္စာ) သဘောကျပလား . . . (ကျပါပြီ)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်နောက်၊ ကိလေသာမလာတာက အကြောင်းအကျိုးတွေ ချုပ်တာ ရိပ်မိပလား . . . (ရိပ်မိပါပြီ)

ကဲ . . . ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . . ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ခန္ဓာကပြောတာ စောင့်ကြည့်ရတာ ဝိပဿနာ

ဟောကြားသည့်နေ့ (၂၀. ၂. ၆၀)

ခန္ဓာငါးပါးဟာ သူ့ပင်ကိုသဘောကတော့ဖြင့် ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ခဏခဏ ဖောက်ပြန်ပျက်စီးနေတာပဲ. . . (မှန်ပါ့)၊ ခန္ဓာငါးပါးပင်ကိုသဘောက ဘာပါလိမ့်. . . (ဖောက်ပြန်ပျက်စီးနေပါတယ်ဘုရား)၊ အဲဒါ ဒကာ ဒကာမတွေက သူ့ပင်ကိုသဘောသိအောင် ကြည့်လိုက်ပြီးသကာလ ဉာဏ်ကလေးနဲ့ စောင့်ကြည့်နေရမယ်တဲ့. . . (မှန်ပါ့)။

## ခန္ဓာကပြောတာစောင့်ကြည့်

ဝိပဿနာဆိုတာ ခန္ဓာက ဘာပြောတယ်ဆိုတာ စောင့်ကြည့်ရတာ ဝိပဿနာလို့ မှတ်လိုက်စမ်း. . . (မှန်ပါ့)၊

ခန္ဓာကပြောတာ စောင့်ကြည့်ရတာ ဝိပဿနာ၊ ခန္ဓာကပြတာ ကို. . . (စောင့်ကြည့်ရတာ ဝိပဿနာ)။

ဪ. . . ဝိပဿနာဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလွန်ခဲယဉ်းတယ်လို့ အောက်မေ့ပြီးသကာလ နေကြငြားသော်လည်း ဆရာ မပြ နည်းမရကြလို့သာလျှင် ဦးခင်မောင်ရေ စိတ်ပူနေတာ. . . (မှန်ပါ့)

## စောင့်ကြည့်ပြီးသိနေပါ

သေသေချာချာ ရှင်သာရိပုတ္တရာကဟောတယ်၊ ဝိပဿနာဟာကွာတဲ့၊ အရှိခန္ဓာကြီးကပြောတာကို စောင့်ကြည့် ပြီးသိနေဖို့ပါပဲ. . . (မှန်လှပါဘုရား)။

ဝိပဿနာဆိုတာ၊ အရှိခန္ဓာကြီးကပြောတာ စောင့် ကြည့်နေပါ ဒကာ ဒကာမတို့. . . (မှန်ပါ့)၊ ခန္ဓာငါးပါး အရှိ တရားကြီးက အမျိုးမျိုးသော ဖောက်ပြန်ပြီး အမျိုးမျိုးသော ပျက်စီးမှုတွေပြတာကို၊ ဒီကဉာဏ်နဲ့ စောင့်ကြည့်နေခဲ့ပြီဆိုမှဖြင့် ဝိပဿနာဖြစ်တော့တာပဲလို့ ဦးဘတင်တို့ ဦးခင်မောင်တို့ မှတ် ဖို့ပေါ့. . . (မှန်လှပါဘုရား)။

ဪ. . . ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ဝိပဿ နာဆိုတာ သိရမည့်အလုပ်လား၊ စောင့်ပြီးကြည့်ရမည့်အလုပ်

ဘုရား)၊ စောင့်ပြီးကြည့်ရမည့်အလုပ်နော်. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဝိပဿနာဆိုတာ ဘာပါလိမ့်. . . (စောင့်ပြီးကြည့် ရမည့်အလုပ်ပါဘုရား)၊ စောင့်ပြီးကြည့်ရမည့်အလုပ်. . . (မှန်ပါ့)။

## ဘယ်လိုနေရမယ်လို့မဆိုပါဘူး

စောင့်ပြီးကြည့်နေဆိုတော့ ရူပက္ခန္ဓာကလည်း ရုပ္ပတိ တိရုပ်ဆိုတော့ သူကလည်း ဖောက်ပြန်တာပဲ၊ ခန္ဓာငါးပါးထဲက သူတို့လိုကျန်တဲ့ခန္ဓာတွေကလည်း ဘာလုပ်ပြန်သလဲဆိုတော့ အကုန်ဖောက်ပြန်တာပဲ (မှန်လှပါဘုရား)၊ 'လုဇ္ဇနပလုဇ္ဇ နဋ္ဌေန လောကော' ဆိုသောကြောင့် ခဏခဏ ဖြစ်လိုက်ပျက် လိုက်ဖြစ်နေတာပဲ. . . (မှန်ပါ့)။

အဲဒီတော့ ဒါတွေသည် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ က စောင့်ပြီးသကာလ၊ ဘုရားရှေ့မှာ ထိုင်ထိုင် အိပ်ရာထဲမှာ ထိုင်ထိုင် မထိုင်ချင်ပက်လက်ပဲနေနေ၊ နေချင်သလိုနေမါ။ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုနေရမယ်လို့ မဆိုပါဘူး (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် 'ဘယ်လိုနေရမယ်လို့မဆိုဘူး' ဆို ရသလဲဆိုတော့ ဦးခင်မောင်တို့က သတိထားမိပါလိမ့်မယ်နော် **'သယာနောဝါ သယာနောမှီတိ ပဇာနာတိ'** ဆိုတော့ အို အိပ် ပြန်လည်း၊ အိပ်ရင်းရှုကွလို့ပြောတာ. . . (မှန်ပါ့)။

## လမ်းသွားရင်လည်း သွားရင်းရှု

ဂစ္ဆန္တောဝါ ဂစ္ဆန္တောမှီတိ ပဇာနာတိ ဆိုတော့ သွားပြန်လည်းသွားရင်းရှုရတာပဲ. . . (မှန်ပါ့)၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ဒကာ ဒကာမတွေက ဝိပဿနာဆိုတာ အပါးမဝခင်က ထိုင်တာ. . . (မှန်ပါ့)၊ နောင် အသားရလာတဲ့အခါကျတော့ဖြင့် အဲဒါ ဘာမှမလိုတော့ဘူး၊ သိတဲ့အချိန်မှာ သူကပြောတဲ့အချိန်မှာ ဝိပဿနာဆိုပြီး မှတ်လိုက်. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အမြဲတမ်းဖောက်ပြန်နေတဲ့ခန္ဓာကြီး

ခန္ဓာကပြောတဲ့အချိန်မှာ ဝိပဿနာ. . . (မှန်ပါ့)၊ ခန္ဓာဆိုတာလည်း ဒကာ ဒကာမတို့ ဘယ်အချိန်မပြောဘူးလို့ ဘယ်တော့မှ မယူနဲ့၊ အမြဲတမ်းဖောက်ပြန်ပျက်စီးတဲ့ ခန္ဓာကြီးဖြစ်နေတော့ စားလည်းဖောက်ပြန်၊ သွားလည်းဖောက်ပြန်၊ အိပ်လည်းဖောက်ပြန်၊ စောင်းနေလည်း ဖောက်ပြန်တာပဲ၊ ထမင်းစားနေလည်း ဖောက်ပြန်တာပဲ၊ ဆေးလိပ်သောက်နေလည်း ဖောက်ပြန်နေတာပဲ။

အဲဒါကို ဒကာ ဒကာမတွေ သေသေချာချာစောင့်ပြီး ကြည့်နေလို့ရှိရင်ဖြင့်၊ ဩော်. . . ဝိပဿနာဆိုတဲ့ဥစ္စာသည်

ကြည့်ရမယ်ဆိုတာက၊ စောင့်ပြီးကြည့်ရမယ်ဆိုတဲ့ သဘောကို ဆိုတာလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ဝိပဿနာဆိုတဲ့ဥစ္စာသည် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ဖြစ်စဉ်ကို စောင့်ကြည့်နေတဲ့သဘော၊ ဘာခေါ်ကြမယ်. . . (ဝိပဿနာပါဘုရား)၊ ဝိပဿနာဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေသေချာချာမှတ်ထားတော့၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ ဝိပဿနာဆုံးရင် နိဗ္ဗာန်ရောက်တာပါပဲ. . . (မှန်ပါ့ဘုရား)။

## ထမင်းချက်ရင်းလည်း နိဗ္ဗာန်ရောက်နိုင်တယ်

အဲဒီတော့ ထိုင်ရင်းလည်း နိဗ္ဗာန်ရောက်နိုင်တယ်၊ အိပ်ရင်းလည်း နိဗ္ဗာန်ရောက်နိုင်တယ်၊ ထမင်းချက်ရင်းလည်း နိဗ္ဗာန်ရောက်နိုင်တယ်၊ လည်ပင်းခားလှီးတာတောင်မှ နိဗ္ဗာန်ရောက်နိုင်တယ်၊ ကျိုးတာပဲ့တာလည်း. . (ရောက်နိုင်ပါတယ်)။

ဦးဘတင်တို့ သေသေချာချာစဉ်းစားကြည့်တော့မှ ဩော်. . . ခန္ဓာကပြောတဲ့ အချိန်ကြည့်ပြီး သိတဲ့အချိန်မှာ ဉာဏ်သက်ရောက်ပြီးသကာလ ဒီခန္ဓာမလိုချင်လို့ ဆုံးတဲ့အချိန်မှာဖြင့် အိပ်ရင်းဆုံးတော့ အိပ်ရင်းနိဗ္ဗာန်ရတာပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဝိပဿနာဆိုတာ ဘယ်

အဓိပ္ပာယ်ပါလိမ့်ဆိုတာ ယနေ့ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)၊ စောင့်ကြည့်ရမည့်အဓိပ္ပာယ်ကိုး. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## သွားရင်းလည်း စောင့်ကြည့်နေ

ဝိပဿနာဆိုတာ ဘယ်လိုလုပ်ကြရမလဲ. . . (စောင့်ကြည့်ရမယ်ဘုရား)၊ အိပ်နေလည်း စောင့်ပြီးကြည့်နေ၊ ရပ်နေလည်း စောင့်ပြီးကြည့်နေ၊ သွားရင်လည်း စောင့်ကြည့် ရင်ကြည့်လိုက်၊ သူဘာလုပ်နေတယ်ဆိုတော့ ဖောက်ပြန်နေတယ်ဆိုတာဟာ ဦးခင်မောင်ကြည့်ပေးပါနော်. . . (မှန်လှပါဘုရား)။

ထိုကဲ့သို့စောင့်ပြီး ကြည့်ပေးတော့၊ လောကီဥပမာပြောကြစို့ဆိုတော့ မျောက်ဟာ အငြိမ်မနေဘူးဆိုတာ လူတိုင်းသိတယ်. . . (မှန်ပါ့)၊ မျောက်ဟာဘာတဲ့လဲ. . . (အငြိမ်မနေပါဘုရား)၊ အငြိမ်မနေတာကို မျောက်ရှင်လုပ်တဲ့ပုဂ္ဂိုလ်က ကြည့်နေလို့ရှိရင်ဖြင့် တော်ကြာခုန်ပြန်ပြီ၊ တော်ကြာ ဆော့ပြန်ပြီ၊ တော်ကြာ သစ်ပင်တက်ပြန်ပြီ၊ တော်ကြာ ဂွမ်းကိုးချပြန်ပြီ. . . (မှန်ပါ့)၊ ဦးခင်မောင် အမျိုးမျိုးမြင်ရတယ်. . . (မှန်ပါ့)။

မျောက်သဘောကဖြင့် အငြိမ်နေတဲ့သဘောပါရဲ့လား . . . (မပါပါဘုရား)၊ မပါတော့ မျောက်ရှင်လုပ်တဲ့ပုဂ္ဂိုလ်က

စောင့်ကြည့်နေလို့ရှိရင် မျောက်၏ဆော့ပုံတွေ မျောက်၏ ဖောက်ပြန်ပုံတွေ မျောက်၏အငြိမ်မနေပုံတွေ မမြင်ရပေဘူး လား. . . (မြင်ရပါတယ်ဘုရား)။

## ခန္ဓာကိုယ်ကို မျောက်ဥပမာထားပါ

ဒီမှာလည်း ခန္ဓာကိုယ်ကို မျောက်ဥပမာထားပြီး၊ ယောဂီပုဂ္ဂိုလ်က မျောက်ရှင်ဥပမာနဲ့ အလားတူစွာ ကြည့်နေပြီ ဆိုမှဖြင့် ခန္ဓာ၏သဘော ပေါ်လောကြီးပေါ်လာလိမ့်မယ်ဆိုတာ သေသေချာချာမှတ်ပါ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ခန္ဓာ၏သဘော ပေါ်လောကြီးပေါ်လာပြီ ဆိုမှဖြင့် ဩော်. . . ဖောက်ပြန်ပြန်ပြီ၊ ဩော်. . . ပျက်စီးနေ ပြီ၊ ဩော်. . . အစားထိုးလာပြန်ပြီ၊ ဩော်. . . ပျက်စီးသွားပြန် ပြီ၊ ဩော်. . . အစားထိုးလာပြန်ပြီဆိုတော့ သူ့မှာ ဒီနှစ်ခုပဲရှိ တယ်၊ ဦးခင်မောင်ရေ. . . (မှန်ပါ့)။

အရင်ဖြစ်တာက ပျက်စီးတယ်၊ နောက်အစားထိုးတာ က ပေါ်လာပြန်တယ်၊ ပေါ်လာတာက ပျက်စီးပြန်ရင် နောက် အစားထိုးတာ ပေါ်လာပြန်တယ်၊ ဒါပဲရှိတယ်။ ဒကာ ဒကာမတို့ သဘောပါပလား. . . (ပါပါပြီဘုရား)။

## ပျက်တာနဲ့ အစားထိုးတာပဲရှိတယ်

ပျက်စီးတာနဲ့ အစားထိုးတာ ဒီနှစ်ခုပဲရှိတယ်၊ ရုပ်ပျက်ရင် ရုပ်အစားထိုး၊ ဝေဒနာပျက်ရင် . . (ဝေဒနာအစားထိုး)၊ သညာပျက်ရင် . . (သညာအစားထိုး)၊ စေတနာပျက်ရင် . . (စေတနာအစားထိုး)၊ စိတ်ပျက်သွားရင် . . (စိတ်အစားထိုး)။

အင်း . . ဦးခင်မောင် ပျက်တာရယ် အစားထိုးတာရယ် တစ်ကိုယ်လုံးမှာ ဖောက်ပြန်ပျက်စီးဆိုတာ ဒီနှစ်ခုပြောနေတာ . . (မှန်ပါ့ဘုရား)၊ ဒါ လိုရင်းဆိုတာ မှတ်လိုက်စမ်းပါ။ ဒကာ ဒကာမတို့ ပျက်တာရယ်၊ အစားထိုးတာရယ် ဒါပဲရှိတယ် . . (မှန်ပါ့ဘုရား)၊ ခန္ဓာကိုယ်မှာ ဘယ်လိုများရှိပါလိမ့် . . . (ပျက်တာရယ် အစားထိုးတာရယ် ဒါပဲရှိပါတယ်ဘုရား)။

အင်း- ပျက်တာ အနိစ္စ၊ အစားထိုးတာ သင်္ခါရလို့ မှတ်လိုက် . . (မှန်ပါ့)၊ ပျက်တာက . . . အနိစ္စ၊ အစားထိုးတာက . . . (သင်္ခါရပါဘုရား)၊ ဩော် . . . ဒီနှစ်ခုပဲရှိကြတဲ့ဥစ္စာ၊ ဒါ ခန္ဓာကပြောနေတာ ဦးခင်မောင်ရေ၊ အဲဒါ သူများကပြောနေတာမှမဟုတ်ဘဲ . . . (မှန်ပါ့)။

သူက ဘယ်လိုပြောသလဲဆိုတော့ အနိစ္စတစ်ချက်၊ သင်္ခါရတစ်ချက်၊ အနိစ္စတစ်ချက် သင်္ခါရတစ်ချက် ဒါပဲပြောနေတာ၊ ဒါပဲပြောနေတော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စောင့်ကြည့်နေတဲ့ပုဂ္ဂိုလ်က မျောက်ကို စောင့်ကြည့်နေတော့

မျောက်၏ဖြစ်စဉ် အကုန်မြင်ရသလို၊ ခန္ဓာ၏ဖြစ်စဉ် အလုံးစုံ အကုန်မြင်ရတယ်. . . (မှန်လှပါဘုရား)။

ခန္ဓာ၏ဖြစ်စဉ် အလုံးစုံ အကုန်မြင်ရတော့ကို ဒကာ ဒကာမတို့သိတဲ့အတိုင်း ခန္ဓာက သူ့ဖြစ်စဉ်က အနိစ္စနဲ့သင်္ခါရ ဖြစ်နေတယ်၊ သူ့ဖြစ်စဉ်ကဘာတဲ့. . . (အနိစ္စနဲ့ သင်္ခါရပါ ဘုရား)၊ အနိစ္စဆိုတာ ပျက်စီးသွားတာ. . . (မှန်ပါ့)၊ သင်္ခါရဆို တာ ပျက်တဲ့နေရာ အစားထိုးတာ. . . (မှန်ပါ့)။

## ပျက်တာ အနိစ္စ၊ အစားထိုးတာ သင်္ခါရ

အစားထိုးတာ သင်္ခါရ၊ ပျက်စီးသွားတာ. . . (အနိစ္စ)၊ ဒါဖြင့် အနိစ္စာဝတသင်္ခါရာဆိုတာ ကိုက်သွားတယ်. . . (မှန်ပါ့)၊ ဦးခင်မောင် ကိုက်ပလား. . . (ကိုက်ပါတယ်ဘုရား)။

ပျက်သွားတာ ဘာခေါ်ကြမယ်. . . (အနိစ္စပါဘုရား)၊ စောင့်ကြည့်နော်. . . အစားထိုးတာ ဘယ့်နှယ်ခေါ်ကြမယ် . . . (သင်္ခါရပါဘုရား)၊ ဒါဖြင့် အနိစ္စာဝတသင်္ခါရာဆိုတော့ ဩော် . . . သင်္ခါရနဲ့ အနိစ္စသာရှိပါလား ဘယ်မလဲယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါဆိုတာ မပါဘူးဆိုတဲ့ အဓိပ္ပါယ်က ဒီလို စောင့်ကြည့်တဲ့ပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိ အထူးတောင်ဖြုတ်စရာ မလိုတော့ဘူး . . . (မှန်ပါ့ဘုရား) လိုသေးသလား . . . (မလို ပါဘုရား)။

## ဘယ်တော့နိဗ္ဗာန်ရောက်ပါ့မလဲ

အဲဒီမှာ အဖိုးတန်ပြီး သကာလ၊ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ့သွားသောကြောင့်၊ ဩော်-ဝိပဿနာဆိုတာ ဘယ်လိုများလုပ်ရပါလိမ့်မတုံး၊ ကျုပ်တို့ဖြင့် ဆရာကောင်း သမားကောင်းနဲ့ မတွေ့သေးတော့၊ ဝိပဿနာသဘော ဘယ်လိုများ ရှုကြမှတ်ကြပြီးသကာလ၊ ဘယ်တော့များမှ နိဗ္ဗာန်ရောက်ပါ့မလဲဆိုတော့၊ အို . . . ဒကာ ဒကာမတို့ **ခန္ဓာငါးပါး** မျောက် ဉပမာထားပါ၊ ယောဂီပုဂ္ဂိုလ်ဉာဏ်ကမျောက် ရှင်ဉပမာထားပြီး မျောက်ဘယ်လိုဖြစ်နေတယ်ဆိုတာ သိလို့ရှိရင်ပြီးတာပါဘဲ . . . (မှန်ပါ့ဘုရား)။

အဲဒါ-ဝိပဿ**နာအ**လုပ်ပါပဲဆိုတဲ့ဉစ္စာ ကိုင်း . . မျောက်ကဘယ်လို**များ ပြသလဲဆိုတော့** ပျက်ပြလိုက် အစားထိုး ပြလိုက် ပျက်ပြလိုက် . . . (**အစား**ထိုးပြလိုက်) ပျက်တာဘာ ခေါ်ကြမလဲ . . . (**အနိစ္စ**ပါဘုရား) အစားထိုးတာက . . . (**သင်္ခါ**ရပါဘုရား) အင်း ရုပ်ပျက်ရင် ရုပ်အစားထိုးတယ်၊ နာမ် ပျက်**ရင်** . . . (နာမ်အစားထိုးပါတယ်ဘုရား)။

ဒါဖြင့် ဦးခင်မောင်ရ ပျက်တာကအနိစ္စ၊ အစားထိုး တာက **သင်္ခါရ သဘော**ကျပလား . . . (ကျပါပြီဘုရား) ဒါဖြင့် အနိစ္စနဲ့ သင်္ခါရပဲ**ရှိတယ်**၊ ဒကာ ဒကာမတို့ (မှန်ပါ့) ခန္ဓာမှာ ဘာရှိပါလိမ့် . . . (**အနိစ္စနဲ့** သင်္ခါရပဲရှိပါတယ်ဘုရား)။

## အစားထိုးတာက အကြောင်းလေးပါး

အနိစ္စဆိုတာလည်း ငါ၊ ငါ့ဥစ္စာမဟုတ်ပါဘူး၊ သခ်ါရ အစားထိုးတာလည်းငါ၊ ငါ့ဥစ္စာမဟုတ်ပါဘူး၊ မနေ့ကပြောတဲ့ အကြောင်းလေးပါးတွေက အစားထိုး၊ အာရုံဒွါရတွေက အစား ထိုး ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒါတွေက အစားထိုးတာ . . . (မှန်လှပါဘုရား)။

ဒါကြောင့် **ဒကာ** ဒကာမတွေ ဝိပဿနာဖြင့် အလွယ် နည်းနဲ့ ရှင်သာရိပုတ္တရာ **ဉာဏ်ကျယ်**တဲ့ပုဂ္ဂိုလ်က သေသေချာ ချာ ဟောသောကြောင့်**. . .** ကာယမိမံသမ္ပသထတဲ့**. . .** သူ ကိုယ်တိုင် ရွတ်တာနော်**. . .** ဣမံကာယံ - ဤခန္ဓာငါးပါးကြီး ကို၊ သမ္ပသထ-မင်းတို့စောင့်ပြီး **သုံးသပ်**ကြကွစောင့်ပြီး သုံးသပ် ကြည့်ပါလို့ ပြောပြန်တယ်**နော်. . .** ။

## မဂ္ဂသစ္စာက ဘာဝေတဗ္ဗကိစ္စ

ကာယမိမံ၊ **သမ္ပသထ၊ ပရိဇာနာထ၊** ပုနပ္ပုနံ၊
ကာယေ သဘာဝံ၊ ဝိဒိ**တွာန၊ ဒုက္ခဿန္တံ** ကရိဿတိ။

ပုနပ္ပုနံ - ခဏခဏ **မင်းတို့ အဖန်ဖန်**လေးတော့ ကြည့် ပေးပါကွာတဲ့၊ ဘာ့ကြောင့် **ဟော**ရပါလိမ့်မလဲဆိုတော့ မဂ္ဂ သစ္စာက ဘာဝေတဗ္ဗကိစ္စလို့ **သူ**ဟောရှာတာ. . . (မှန်ပါ့ ဘုရား)။

ဣမံကာယံ - ဤခန္ဓာငါးပါး ရုပ်နာမ်တရားကို **သမ္မသထ** - စောင့်ပြီးကြည့်စမ်းပါကွာ၊ ဦးခင်မောင် ဘယ်လို ကြည့်ရမလဲ. . . (စောင့်ကြည့်ရမယ်ဘုရား)၊ စောင့်ကြည့်ရမယ် တဲ့ ဒကာ ဒကာမတွေ သတိထားစမ်းပါတဲ့ ခန္ဓာကိုယ်ကြီး ဘယ် လိုလုပ်ကြည့်ရမယ်. . . (စောင့်ကြည့်ရမယ်ဘုရား)။

## ရှင်သာရိပုတ္တရာ၏ အလွယ်နည်း

ပရိဇာနာထ ပုနပ္ပုနံ - ပုနပ္ပုနံ - အဖန်တလဲလဲ၊ **ပရိဇာ နာထ** - စောင့်ကြည့်ရာမှာ ခဏလေးစောင့်ပြီး တော်ပြီလို့ မလုပ်ပါနဲ့. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဖန်ဖန်စောင့်ကြည့်ပေးစမ်းပါလို့ဦးခင်မောင် ရှင်သာရိပုတ္တရာ က ဟောတယ်နော်. . . (မှန်ပါဘုရား)။

အဲဒီလို ဟောတဲ့အခါကျတော့ **ကာယေသဘာဝံ ဝိဒိတွာန** တဲ့ ခန္ဓာငါးပါး၏သဘောကြီး မင်းတို့သိလာပါလိမ့် မယ်တဲ့၊ မသိပေဘူးလား. . . (သိပါတယ်ဘုရား)၊ ဘယ်လို သိ လာမလဲဆိုတော့ ပျက်တာရယ်၊ အစားထိုးတာရယ်၊ ဒါပဲရှိပေ တယ်လို့ သိလာပါလိမ့်မယ်တဲ့. . . (မှန်ပါ)။

## ဘယ်ခန္ဓာက ပြောသတုံး

ပျက်တာရယ်. . . (အစားထိုးတာရယ်) ဒါပဲရှိတယ်၊

ခန္ဓာသဘောဟာ ဒါပဲရှိတယ်ဆိုတာ ခန္ဓာကပြောလာတာ၊ ဘယ်သူကပြောပါလိမ့်. . . (ခန္ဓာကပြောတာပါ)၊ ခန္ဓာကပြောတော့ ဘယ်ခန္ဓာကပြောပါသတုံးလို့ မေးတဲ့အခါကျတော့ ရူပက္ခန္ဓာကလည်း ပြောမှာပဲ၊ ဝေဒနာက္ခန္ဓာကလည်း ပြောမှာပဲ၊ အေး. . . မပြောတာတစ်ခုမှမပါဘူး သဘောကျပလား. . . (ကျပါပြီ)။

ခန္ဓာကလည်း ပြောမှာပဲ၊ အာယတနဆိုတော့ အာယတနကလည်း ပြောတယ်ဆိုရမှာပဲ သဘောကျပလား. . . (ကျပါပြီ)၊ ဒီခန္ဓာတွေကပြောတယ်ဆိုလို့ရှိရင် ဓာတ်လေးပါးက ပြောတယ်ဆိုရမှာပဲ. . . (တင်ပါ့ဘုရား)။

ဒီလိုလည်း မပြောချင်ပါဘူးဘုရား၊ အနိစ္စနဲ့ သခ်ီရရှိတာနဲ့ တပည့်တော်ဖြင့် ဝေဒနာလည်းမမှတ်ဘူး၊ သညာလည်းမမှတ်ဘူး၊ ပျက်တာလေးရယ် အစားထိုးတာလေးရယ်၊ ဒါလေးတွေကြည့်နေမယ်ဆိုလည်း ဦးခင်မောင် ပြီးတာပဲ. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျအောင် ပြောနေတယ်နော်. . . (မှန်ပါ့)၊ ကာယေသဘာဝံ ဝိဒိတွာန၊ **ကာယေ** - ခန္ဓာငါးပါးဆိုတဲ့ ကာယတရား၌၊ ဝိဒိတွာန - အဖန်ဖန်ပြု၍ကြည့်သည်ရှိသော်၊ **ဒုက္ခဿ** - ဒုက္ခ၏၊ **အန္တံ** - အဆုံးကို၊ **ကရိဿတိ** - မင်းတို့ရောက်ပါလိမ့်မယ် (ဝါ) နိဗ္ဗာန်ရောက်မယ်။

## ခန္ဓာသဘောသိရင်နိဗ္ဗာန်ရောက်မယ်

ဒါ ဦးခင်မောင် အမြင်ကျယ်တဲ့ပုဂ္ဂိုလ်ပေါ့နော်၊ ခန္ဓာသဘောသိ၊ နိဗ္ဗာန်ရောက်မယ်၊ တိုတိုပဲဟောလိုက်တယ်. . . (မှန်ပေါ့)၊ ဒကာ ဒကာမတို့ ဘယ်လိုဟောပါလိမ့်. . . (ခန္ဓာသဘောသိ နိဗ္ဗာန်ရောက်မှာပါဘုရား)၊ ခန္ဓာသဘောသိရင် နိဗ္ဗာန်ရောက်မယ်. . . (မှန်လှပါဘုရား)။

ဪ. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘယ်လိုကြောင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး မရောက်ကြပါလိမ့် မလဲဆိုတော့. . . အို. . . ကိုယ့်ခန္ဓာအကြောင်းကိုယ် မသိကြလို့ . . . (မှန်လှပါဘုရား)၊ ဘယ့်နှယ်ကြောင့် မရောက်ကြပါလိမ့် . . . (ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိကြလို့)။

## မိစ္ဆာဒိဋ္ဌိနဲ့ သိနေတာ

ဘာသိမလဲတဲ့၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိဘူးတဲ့၊ သိပြန်တော့လည်းတဲ့ သမ္မာဒိဋ္ဌိနဲ့က မသိ၊ မိစ္ဆာဒိဋ္ဌိနဲ့သိနေတာ၊ သမ္မာဒိဋ္ဌိနဲ့က. . . (မသိပါ)၊ မိစ္ဆာဒိဋ္ဌိနဲ့ကျတော့. . . (သိနေတယ်ဘုရား)။

ငါ့ကိုယ်ငါ့ဟာအဖြစ်နဲ့တော့ သိနေတယ်၊ ငါ့ကိုယ်ငါ့ဟာ မဟုတ်ဘူးဆိုတဲ့အသိမျိုးကျတော့. . . (မသိပါဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတို့ စောင့်လည်း မကြည့်

အသိကလည်း လွဲပြန်၊ မရှိတာသိပြီးသကာလနေပြန် တော့၊ ဒါကြောင့် သံသရာရှည်သကိုး ဆိုတဲ့ဥစ္စာဖြင့် ပေါ်လာပြန်ပြီ. . . (မှန်လှပါ)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ကြပ်ကြပ်သတိထားနားထောင်ကြပါ ဒကာ ဒကာမတို့ တရားမများသေးပါဘူး. . . (မှန်ပါ့)၊ ဒီခန္ဓာကြီးကို စောင့်ကြည့်လို့ရှိရင် ခန္ဓာကပြောပါလိမ့်မယ်၊ ပြောရင် ခင်ဗျားတို့ကို အနိစ္စနဲ့ သခ်ါရချည့်ပဲ သူပြောပါမယ်. . . (မှန်ပါ့)။

## ခန္ဓာက ဘယ်လိုပြောမယ်

ခန္ဓာကဘယ်လိုပြောမယ် . . . (အနိစ္စနဲ့ သခ်ါရချည့်ပြောပါမယ်) ခန္ဓာက ဒါပဲပြောစရာရှိတယ်၊ ဝေဒနာပေါ်လာရင်လည်း ဝေဒနာက ဝေဒနာပါလို့ သူမပြောတော့ဘူး၊ ပထမတော့ ဝေဒနာပဲ နောက်ကျတော့ သူသည် ပျက်စီးသွားပါပြီ။ နောက်တစ်ခါ အစားထိုးလာပြန်တော့ ဝေဒနာတစ်မျိုးပေါ်လာပြန်ပါတယ်၊ ဒါဖြင့် ဝေဒနာပျက် ဝေဒနာအစားထိုးတာတွေ မြင်အောင်ကြည့် . . . (မှန်လှပါဘုရား)။

စိတ်ပျက်ပြီးစိတ်အစားထိုးတာကို (မြင်အောင်ကြည့်ရမှာပါဘုရား)။ ရုပ်ပျက်ပြီး ရုပ်အစားထိုးတာကို (မြင်အောင်ကြည့်ရပါမယ်ဘုရား) မြင်အောင်ကြည့်တဲ့အခါကျတော့. . .

ကာယေသဘာဝံ၊ ဝိဒိတွာန. . . တဲ့၊ ကာယေ-ကိုယ့်သဘော၌၊ **ကာယေသဘာဝံ** - ကိုယ်၏သဘော (ဝါ) ကိုယ်၌ရှိတဲ့သဘော၊ **ဝိဒိတွာန** - ဩော် အနိစ္စနဲ့ သင်္ခါရသာရှိတယ်လို့ သိခြင်း ကြောင့်၊ **ဒုက္ခဿ**-ဒုက္ခ၏။ **အန္တံ**-အဆုံးဖြစ်သော နိဗ္ဗာန်ကို၊ **ကရိဿတိ**-**သစ္စိကရိဿတိ** မင်းတို့ သေသေချာချာမြင်ပါ လိမ့်မယ်ကွာ။

## သူ့သဘောသိရင် နိဗ္ဗာန်သိတယ်

သူ့သဘောသိရင် နိဗ္ဗာန်သိတယ်မှတ်၊ သူ့သဘော သိရင် (နိဗ္ဗာန်သိပါတယ်ဘုရား) အဲဒီတော့ . . . ဉာဏ်ကျယ် တဲ့ပုဂ္ဂိုလ်က ဦးဘတင် ခပ်ကျဉ်းကျဉ်း ဟောလိုက်တယ်နော်။ ကျုပ်တို့က ဒီအထဲမှာ ဉာဏ်ကလေးနည်းနည်းထည့်ရအောင် (မှန်ပါ့)။

သူ့သဘောသိရင် မုန်းလာမယ်၊ မုန်းတဲ့အခါကျတော့ မလိုချင်တဲ့ ဉာဏ်လာလိမ့်မယ်၊ ဦးခင်မောင် ဒါတွေက လာ လိမ့်မယ်၊ ဒီလိုလာမှသာလျှင် ဆုံးသွားလိမ့်မယ် မဟုတ်လား။

## ပေါ်ရာကိုသာလိုက်လိုက်ပါ

ကိုင်း. . ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာရှုနည်းကို ခန္ဓာငါးပါးကို ဘယ်ဟာရယ်လို့ မဟုတ်ဘူး၊ ထိုင်သာကြည့်နေ ပြီး၊ ပေါ်ရာကိုသာလိုက်လိုက်ပါတော့ . . . (မှန်ပါ့)၊ ယားရင်

ယားတဲ့နေရာလိုက်ပေါ့ဗျာ (မှန်ပ့ါ) ယားတဲ့နေရာမှာ ဒါကလေး ဟာ အခုမှပေါ်တာ ဟာပျောက်သွားတာပဲ၊ အခုမှ ပေါ်တာ သည် ဒကာ ဒကာမတို့ (သင်္ခါရ) ပျောက်သွားတာသည် (အနိစ္စ) အခုပေါ်လာပြန်ပြီ . . . (သင်္ခါရ) ဦးခင်မောင် ကျေနပ်ပလား (ကျေနပ်ပါပြီ)။

စောင့်ကြည့်ရင် ဒီနှစ်ခုမှတစ်ပါးလည်း ဒကာ ဒကာမ တို့ ရှုစရာမရှိပါဘူး၊ ဒီနှစ်ခုပဲရှိတယ် ကျေနပ်ပလား . . . (ကျေနပ်ပါ ပြီဘုရား) ဦးခင်မောင် ဒါအင်မတန် စိပ်တယ်နော် တကယ်ဆို ဝိပဿနာမရှုတတ်ဘူးဆိုတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မရှိရအောင်လို့ ဘုရားရှေ့မှာထိုင်ထိုင်၊ အိပ်ရာမှာပဲ ထိုင်ထိုင်၊ ထိုင်ချင်တဲ့နေရာမှာထိုင်၊ ရပ်ချင်တဲ့နေရာမှာရပ်ပြီး ခန္ဓာကိုယ်၏ သဘောကိုသာ စောင့်ကြည့် စောင့်ကြည့်နေ လို့ရှိရင် ပျက်ပြီလို့လည်း ပြောမှာပဲ၊ အစားထိုးပြန်ပြီလို့လည်း . . . (ပြောမှာပဲ)။

ပျက်ပြီးလို့လည်းပြောမှာပဲ အစားထိုးပြီလို့ကော (ပြော ပါတယ်) ဘယ်သူကပြောသလဲ . . . ခန္ဓာကပြောတယ် ဘယ့်နှယ်ကြောင့် ဒီခန္ဓာကြီးကပြောမှန်း သိပါသလဲဆိုတာ စောင့်ကြည့်နေလို့ (မှန်ပ့ါဘုရား)။

စောင့်ကြည့်နေလို့ရှိရင် ပျက်ပြီလို့လည်း ပြောမှာပဲ၊ အစားထိုးပြန်ပြီလို့လည်း (ပြောမှာပဲ) ပျက်ပြီလို့လည်း (ပြောမှာ

ပဲ) အစားထိုးတယ်လို့ကော (ပြောမှာပါပဲ) ဘယ်သူက ပြောသလဲ (ခန္ဓာက ပြောပါတယ်) ဘယ့်နှယ်ကြောင့် ဒီခန္ဓာ ကြီးက ပြောမှန်း သိပါသလဲဆိုတော့ စောင့်ကြည့်နေလို့ သဘောကျပလား (ကျပါပြီဘုရား)။

## ယောက်ျားမိန်းမ ရှာမတွေ့ဘူး

ဩော် . . . ဒီဒကာ ဒကာမတွေကို ခန္ဓာကပြောလို့ရှိရင် ဩော်-သူများပြောမဟုတ်ဘူးဟေ့ဆိုပြီး သကာလ အနိစ္စနဲ့ သဒ္ဓါရသာရှိသကွ၊ ယောက်ျားမိန်းမရှာမတွေ့ဘူးကွဆိုတော့ ဒိဋ္ဌိကလည်း ခန္ဓာကပြောတော့ ပြုတ်ထွက်သွားတယ်၊ အဲဒီမှာ ခန္ဓာကပြောတော့ ဘယ့်နှယ်လည်း . . . (ပြုတ်ထွက်သွားပါတယ်ဘုရား)။

အားလုံး ဒကာ ဒကာမတွေ ခန္ဓာကပြောလိုက်တာ၊ မပြုတ်ပါနဲ့ဆိုလို့ . . . (မရပါဘုရား) မရဘူးတဲ့၊ ဘယ့်နှယ်များ ဖြစ်နေပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာလည်း မလာဘူး ပျက်ရင် အစားထိုးတာပဲရှိတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား) ပျက်ရင်အစားထိုးပါတယ်။

## အစားထိုးတာကသင်္ခါရ

အစားထိုးတာပဲရှိတော့ ဒကာ ဒကာမတွေ ပျက်တာက အနိစ္စ၊ အစားထိုးတာက သင်္ခါရ၊ သဘောကျပလား . . . (ကျပါပြီ) အဲဒီအစားထိုးတာလေး ပျက်သွားတော့ . . . (အနိစ္စပါဘုရား) အနိစ္စဖြစ်သွားပြန်ရောဆိုတော့ ဒကာ ဒကာမတို့ နောက်အစားထိုးတာကလေး လာပြန်တော့ ဘာခေါ်ကြမယ် . . (သင်္ခါရပါဘုရား) အင်း. . . အဲဒီသင်္ခါရလေးဟာ ဘယ်လမ်းဆုံးပြန်သတုံး . . . (အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

## ပျက်စီးသွားတာအနိစ္စ

ဒကာ ဒကာမတွေက ဉာဏ်နဲ့စောင့်ပြီး၊ အစားထိုးတာကြည့်လိုက်၊ ပျက်စီးသွားတာ အနိစ္စကြည့်လိုက်၊ ထိုကဲ့သို့ ကြည့်တဲ့အခါကျတော့၊ အဲဒီနောက်ဆုံးပိတ် အနိစ္စဟာ၊ အခုဒီတစ်ပတ် ဆုံးသွားပြီးနောက်၊ အနိစ္စကို ရှာမတွေ့တော့ဘူး၊ ဆုံးတဲ့ဆီရောက် လိမ့်မယ် . . . (မှန်ပါ့)။

ဒီအနိစ္စတွေ တွေ့နေတာ၊ ပျက်သွားတာ ဘာခေါ်ကြမယ် . . . (အနိစ္စပါဘုရား) နောက်ကျတော့ အစားထိုးတာလည်း မလာ၊ ဦးဘတင်ရေ ပျက်သွားတာလည်းမလာ၊ အဲဒီကဲ့သို့ အစားထိုးတာလည်းမလာ၊ ပျက်သွားတာလည်းမလာတော့ကို **တေသံဝူပသမော်သုခေါ**ဖြစ်တယ်. . . (မှန်ပါ့)။

## ဖြစ်ခြင်းပျက်ခြင်းမရှိတာ နိဗ္ဗာန်

တေသံ . . . ထိုးအစားထိုးသော တရားတို့၏ (ဝါ) ပျက်တတ်သော တရားတို့၏၊ **ဝူပသမော**-နှစ်ခုမရှိခြင်းသည် **သုခေါ**-နိဗ္ဗာန်ပဲကွ (မှန်ပါ့) ခန္ဓာကိုယ်စောင့်ကြည့်တာနဲ့ ပေါ်လာတယ်၊ ခန္ဓာကိုယ်စောင့်ကြည့်တာနဲ့ ဘာပေါ်လာသလဲ (နိဗ္ဗာန် ပေါ်လာပါတယ်) ဦးခင်မောင် . . . ပေါ်ပလား . . . (ပေါ်ပါပြီ)။

စောင့်မကြည့်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒီနှစ်ခုမတွေ့သော ကြောင့်၊ ဒီနှစ်ခုအဆုံးကို ဘယ်နည်းနဲ့မှ ရှာမတွေ့ပါဘူး၊ ဒီနှစ်ခု ကို တွေ့ရင်ဖြင့် ဒီနှစ်ခုအဆုံးကို ဘယ်နည်းနဲ့မဆို တွေ့မှာ (မှန်ပါ့) မရှုတဲ့ပုဂ္ဂိုလ်ဟာ အစလည်းမတွေ့ဘူး၊ အဆုံးလည်း မတွေ့ဘူး၊ ရှုကြည့်တဲ့ပုဂ္ဂိုလ်သည် အစလည်းတွေ့မှာပဲ၊ အဆုံး လည်း တွေ့မှာပဲ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ တကယ်ရှိတာဖြင့် ဘယ်နှစ်ခု သာ ရှိပါလိမ့် . . . (နှစ်ခုသာရှိပါတယ်) သင်္ခါရနဲ့ အနိစ္စပဲရှိ တယ်၊ သင်္ခါရနဲ့ ဘာပါလိမ့် . . . (အနိစ္စပါဘုရား) အဲဒီ သင်္ခါရ နဲ့ အနိစ္စကို ဒကာ ဒကာမတို့က လိုက်နိုင်သမျှ လိုက်ပေးလိုက် ပါ။

## ခန္ဓာမရှိတာတွေ့ပြီ

အင်း-သင်္ခါရတွေ့ပြီ တစ်ချက်၊ အနိစ္စတွေ့ပြီတစ်ချက်၊ ဒါလိုက်ပေးထားပါ အဲဒီနှစ်ခုကိုပဲ ဘုရားတပည့်တော်တို့ဖြင့် လိုက်ရတာလည်း နည်းနည်းကြာတာနဲ့ သင်္ခါရလည်း မတွေ့တော့ဘူးဘုရား၊ အနိစ္စလည်း မတွေ့တော့ဘူးဘုရားဆိုတော့ အင်း . . . ခန္ဓာမှာရှိတာက အနိစ္စနဲ့ သင်္ခါရရှိတာ အခု ခန္ဓာမရှိတာ သူတွေ့ပြီ . . . (မှန်ပါ့)။

ခန္ဓာမရှိတာ ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား) အဲ-နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့က အစအဆုံးမလိုက်လို့ ခင်ဗျားတို့ လမ်းလွဲနေကြတာကိုး။

ဩော်-တကယ်တမ်းဆိုရင် အနိစ္စနဲ့ သင်္ခါရပဲရှိတဲ့ဥစ္စာ၊ အနိစ္စသင်္ခါရ ဆုံးအောင်လိုက်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် အနိစ္စနဲ့ သင်္ခါရလည်းမုန်း အနိစ္စသင်္ခါရလည်း မလိုချင်လို့ရှိရင် အနိစ္စ သင်္ခါရလည်း ချုပ်ရမယ် . . . (မှန်ပါ့)။

ဒါဖြင့်-အနိစ္စနဲ့ သင်္ခါရ ချုပ်သွားသောကြောင့် နိဗ္ဗာန် သည်ကားလို့ဆိုလို့ရှိရင်ဖြင့် နိစ္စ နိဗ္ဗာန်ဆိုလိုက် . . . (မှန်ပါ့) သင်္ခါရချုပ်သွားတော့ အသင်္ခတနိဗ္ဗာန်လို့ပဲ ဆိုလိုက်တယ် (မှန်ပါ့)။

## အသခ်တနိဗ္ဗာန်

ဒီနှစ်လုံးသေသေချာချာမှတ်ပါ၊ အနိစ္စချုပ်သွားရင် (နိစ္စနိဗ္ဗာန်ပါဘုရား) သခ်တချုပ်သွားရင် . . . (အသခ်တနိဗ္ဗာန်ပါ ဘုရား) သခ်တမလာရင် အသခ်တနိဗ္ဗာန် ဖြစ်သွားမယ်။

ဒါဖြင့် အသခ်တနိဗ္ဗာန်ကို ခင်ဗျားတို့ ဒီနှစ်လုံးကနေပြီး လိုက်လိုက်လို့ရှိရင်ဖြင့်တဲ့ ရှင်သာရိပုတ္တရာက မတွေ့မရှိပါဘူးကွာတဲ့၊ သေသေချာချာ ရောက်ပါတယ် ရပါတယ်ဆိုတဲ့ အကြောင်းကို၊ ရဲရဲ့စွာနဲ့ သူကိုယ်တိုင်တက်လာတဲ့ လမ်းဖြစ်လေသောကြောင့်၊ သူကိုယ်တိုင် တစ်ပါးသော ပုဂ္ဂိုလ်တို့ကို ဒီလမ်းသာ လိုက်လာရင် ဒီအဆုံးတွေ့ရမယ်ကွဆိုတာကို၊ တာဝန်ခံ ဟောရှာတယ်၊ ရှင်းပလား . . . (ရှင်းပါပြီ) အင်မတန် သဘောပါတယ်နော် ဒကာဒကာမတို့ . . . (မှန်လှပါဘုရား)။

ကဲ ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . . ။